# ENGAGE GRANT အစီအစဉ်

## စည်းမျဉ်းများနှင့် လမ်းညွှန်ချက်များ

555 E Wayne St
Fort Wayne, IN 46802
PH: 260-426-4083
www.cfgfw.org

Updated November 2025

## မာတိကာ


Engage Grant လျှောက်လွှာနှင့် အကဲဖြတ်ခြင်းလုပ်ငန်းစဉ် ........ ၃
ရန်ပုံငွေ အရည်အချင်းပြည့်မီမှုနှင့် လမ်းညွှန်ချက်များ ........ ၉
မကြာခဏမေးလေ့ရှိသောမေးခွန်းများ ........ ၁၀
ဆက်သွယ်ရန် ........ ၁၃


## Engage Grants

ဤ Engage Grant ကို "ကျွန်ုပ်တို့၏အသိုင်းအဝိုင်းကိုချစ်သောကြောင့်"ထောက်ပံ့ကြေး အစီအစဉ်အဖြစ် ကွန်မြူနတီ ဖောင်ဒေးရှင်း၏ နှစ် ၁၀၀ ပြည့် အခမ်းအနားတွင် မိတ်ဆက်ခဲ့ပါသည်။ အဆိုပါအစီအစဉ်သည် အရေးပါသော မှတ်တိုင် တစ်ခုကို ဂုဏ်ပြုရန်၊ ကွန်မြူနတီဖောင်ဒေးရှင်းမှ တစ်ခါမျှ ရန်ပုံငွေမပေးခဲ့ဖူးသည့် အကျိုးအမြတ်မယူသော အဖွဲ့အစည်းများနှင့် ဆက်ဆံရေးများ တိုးပွားလာစေရန်နှင့် အောက်ခြေလူထုအဖွဲ့အစည်းများ ပိုမိုကောင်းမွန်သော အခွင့်အလမ်းများ ဖန်တီးနိုင်မည့် ရန်ပုံငွေကို ရရှိရန်အတွက် စတင်ခဲ့ပါသည်။ ကွန်မြူနတီဖောင်ဒေးရှင်း၏ ဘုတ်အဖွဲ့သည် "ကျွန်ုပ်တို့၏အသိုင်းအဝိုင်းကို ချစ်သောကြောင့်"ထောက်ပံ့ကြေးအစီအစဉ်၏ရလဒ်များကြောင့် အလွန်ကျေနပ်ခဲ့ရပြီး Engage Grants အမည်ဖြင့် အစီအစဉ်ကို ဆက်လက်လုပ်ဆောင်ရန်အတွက် ၂၀၂၃ နှင့် ၂၀၂၄ နှစ်များအတွက် ရန်ပုံငွေကို ဖယ်ထားရန် သဘောညီခဲ့ကြသည်။ Engage Grants သည် "ကျွန်ုပ်တို့၏အသိုင်းအဝိုင်းကိုချစ်သောကြောင့်" ထောက်ပံ့ကြေးများကဲ့သို့ တူညီသော အခွင့်အရေး များကို ပေးပါသည်။ ဤထောက်ပံ့ကြေးအစီအစဉ်သည် ရပ်ရွာအသိုင်းအဝိုင်း၏ကျန်းမာရေးအတွက် အပြုသဘော ဆောင်သော ပရောဂျက်အသစ်များ သို့မဟုတ် အစီအစဉ်အသစ်များဖြင့် ပထမဆုံးအကြိမ် ထောက်ပံ့ကြေး ရသူများနှင့် အဖွဲ့အစည်းများအား လျင်မြန်သော၊ အတားအဆီးနည်းပါးသော ရန်ပုံငွေကို ရပ်ရွာဖောင်ဒေးရှင်းအတွက် လမ်းပွင့်သွားရန် ရည်ရွယ်ပါသည်။ Engage Grant ပရိုဂရမ်၏ ရန်ပုံငွေကို နှစ်စဉ် အပိုထောက်ပံ့နိုင်မည့်ရန်ပုံငွေရရှိနိုင်မှုပေါ်မူတည်၍ ဆုံးဖြတ်ပါသည်။

ထောက်ပံ့မှုလက်ခံရရှိသူများသည် 501(C)(3) အဖွဲ့အစည်းဖြစ်ရန် မလိုအပ်ပါ။ သို့သော် ပရဟိတ ရည်ရွယ်ချက်ကို သက်သေ ပြရန် လိုအပ်သည်။ ဘဏ္ဍာရေးစပွန်ဆာများကိုလည်း လက်ခံနိုင်သည်။ ဤဒေါ်လာ ၃၀၀၀ အထိရနိုင်မည့် ထောက်ပံ့ကြေး သည် မတ်လမှ အောက်တိုဘာလအထိဖြစ်ပြီး လစဉ်ပြန်လည်သုံးသပ်ပါသည်။

### ၁။ ဤကွန်မြူနတီဖောင်ဒေးရှင်းအနေဖြင့် ၎င်း၏ထောက်ပံ့ကြေးပေးခြင်းသည် Greater Fort Wayne ကွန်မြူနတီ ဖောင်ဒေးရှင်း၏တန်ဖိုးများကို ထင်ရှား အသက်ဝင်စေမည်ဟု ယုံကြည်သည်-

- **ချိတ်ဆက်မှု-** ကျွန်ုပ်တို့နှင့်အတူ လက်တွဲလုပ်ဆောင်နေသူတစ်ဦးစီနှင့် ခိုင်မာပြီး အဓိပ္ပါယ်ရှိသော ဆက်ဆံရေးကို မွေးမြူရန် တွန်းအားပေးပါသည်။
- **သာတူညီမျှမှု-** အရင်းအမြစ်များနှင့် အခွင့်အလမ်းများကို သာတူညီမျှဝင်ရောက်ခွင့်ပေးကာ တစ်ဦးချင်းနှင့် အဖွဲ့အစည်း တစ်ခုစီ၏ ထူးခြားသောလိုအပ်ချက်များကို ဂုဏ်ပြုရန် ကျွန်ုပ်တို့ကြိုးပမ်းပါသည်။
- **သက်ရောက်မှု-** ဆုံးဖြတ်ချက်တစ်ခုစီသည် ကျွန်ုပ်တို့အား အပြုသဘောဆောင်ပြီး ရေရှည်တည်တံ့သော အပြောင်းအလဲဆီသို့ ရွေ့လျားစေကာ တိုးတက်မှုကို အားပေးပြီး ကျွန်ုပ်တို့၏လူမှုအသိုင်းအဝိုင်းကို ရှေ့သို့ရောက်အောင်တွန်းအားပေးသည်။

[Type here]

• **သမာဓိ**- ကျွန်ုပ်တို့နှင့်ပါဝင်ပတ်သက်သူများသည် ၎င်းတို့၏အရင်းအမြစ်များအတွက် ကျွန်ုပ်တို့ကို  အမြဲတစေယုံကြည်စိတ်ချမှု ရှိသည်။ ကျွန်ုပ်တို့သည် အလှူရှင်များ၏ ရည်ရွယ်ချက်ကို လေးစားပြီး ကျွန်ုပ်တို့၏ ရပ်ရွာ၏ လိုအပ်ချက်များကို အလေးထား လုပ်ဆောင်ပါသည်။

• **စိတ်အားထက်သန်မှု**- ကျွန်ုပ်တို့သည် ကျွန်ုပ်တို့၏အသိုင်းအဝိုင်းကို ချစ်သောကြောင့် စိတ်အားထက်သန်မှုနှင့် စေတနာဖြင့် ကျွန်ုပ်တို့၏အလုပ်ကို ဆက်လက်လုပ်ဆောင်ပါသည်။

## ၂။ကွန်မြူနတီဖောင်ဒေးရှင်းသည် ၎င်း၏ထောက်ပံ့သူများအတွက် အတားအဆီးများကို ဖယ်ရှားရန်နှင့် ပိုမိုခိုင်မာသော ဆက်ဆံရေးများဖန်တီးရန် ကြိုးပမ်းသည်။

Greater Fort Wayne ၏ ကွန်မြူနတီဖောင်ဒေးရှင်းသည် အယ်လန်ကောင်တီ ၏ အကျိုးအမြတ်မယူသောအဖွဲ့အစည်းများနှင့် ရပ်ရွာခေါင်းဆောင်များနှင့်အတူ စိန်ခေါ်မှုများကိုကျော်လွှားပြီး ကျွန်ုပ်တို့၏အသိုင်းအဝိုင်းကို မြှင့်တင်ရန် မျှော်လင့်ပါသည်။

### Engage Grant လျှောက်လွှာနှင့် အကဲဖြတ်ခြင်းလုပ်ငန်းစဉ်

Engage Grants သည် လုပ်ငန်းလည်ပတ်မှုပံ့ပိုးမှု သို့မဟုတ် သီးခြားအစီအစဉ်များအတွက် ပထမအကြိမ် လျှောက်ထားသူများအား ရန်ပုံငွေဒေါ်လာ ၃၀၀၀ အထိ ပံ့ပိုးပေးပါသည်။ ဤပရိုဂရမ်သည် ကျွန်ုပ်တို့၏အခြေခံအုတ်မြစ်အတွက် အသစ်ဖြစ်ပြီး ကျွန်ုပ်တို့ထံမှ ယခင်က ထောက်ပံ့ကြေးမရရှိဖူးသော အဖွဲ့အစည်းများအတွက် ဒီဇိုင်းထုတ်ထားပါသည်။  လျှောက်လွှာများကို မတ်လမှ အောက်တိုဘာလအထိ လက်ခံပါသည်။ Engage Grants သည် ကျွန်ုပ်တို့၏အသိုင်းအဝိုင်းအတွင်း သီးခြား စိတ်ဝင်စားဖွယ် နယ်ပယ်များကို ပံ့ပိုးရန်အတွက် ရန်ပုံငွေထူထောင်ထားသော အလှူရှင်များမှ ပံ့ပိုးပေးထားသော ရန်ပုံငွေ ဖြစ်ပါသည်။  လျှောက်လွှာမေးခွန်းများနှင့် အကဲဖြတ်ခြင်းဆိုင်ရာ စည်းမျဉ်းများအပါအဝင် အသေးစိတ်အချက်အလက်များ အတွက်၊ ဤထောက်ပံ့ကြေးလမ်းညွှန်ချက်များကို ပြန်လည်သုံးသပ်ပါ။

ဤထောက်ပံ့ကြေးအစီအစဉ်ကို မတ်လမှ အောက်တိုဘာလအထိ ဖွင့်လှစ်ပါသည်။ ကျေးဇူးပြု၍ သင့်လျှောက်ထားမှုတွင် စေ့စေ့စပ်စပ်ရှိရန်နှင့် လျှောက်ထားချက်ကို သုံးသပ်ရန်အတွက် လိုအပ်သောအချက်အလက်များကို ထည့်သွင်းပေးပါ။ တောင်းဆိုချက်များကို လစဉ် ပြန်လည်သုံးသပ်ပါမည်။

## အရည်အချင်းပြည့်မီမှု စစ်ခြင်း

ကွန်မြူနတီဖောင်ဒေးရှင်းသည် လျှောက်ထားမှုကို ဆက်လက်မဆောင်ရွက်မီ  Engage Grant ပရိုဂရမ်သို့ လျှောက်ထားသူများ အနေဖြင့် အခြေခံသတ်မှတ်ချက်များနှင့် ပြည့်မီကြောင်း သေချာစေရန်အတွက် အရည်အချင်းစစ်ရန် လိုအပ်ပါသည်။ Engage Grant ပရိုဂရမ်အတွက် အရည်အချင်းပြည့်မီမှုအတွက် အဖွဲ့အစည်းတစ်ခုတွင် အောက်ပါအချက်များကို  စိစစ်ရန် လိုအပ်သည်--

• သင်သည် 501(C)(3) အကျိုးအမြတ်မယူသောအဖွဲ့အစည်း သို့မဟုတ် အသိုင်းအဝိုင်း/ရပ်ရွာအဖွဲ့တစ်ခုဖြစ်သည်

• ပြီးခဲ့သည့်ပြက္ခဒိန်နှစ်တွင် သင်သည် Engage Grant ကို မရရှိခဲ့ပါ

[Type here]

• ဝန်ဆောင်မှုပေးသူ အနည်းဆုံး ၅၀ရာခိုင်နှုန်း သည် အယ်လန်ကောင်တီတွင်ရှိပြီး/သို့မဟုတ် သင်သည် ခရိုင်အတွက် ထူးခြားသောဝန်ဆောင်မှုကိုပေးပါသည်
• ပွဲစပွန်ဆာအတွက် ရန်ပုံငွေမတောင်းပါ
• ဝန်ဆောင်မှုလက်ခံမည့်လူများသည် ၎င်းဝန်ဆောင်မှုများကိုရယူရန် ဘာသာရေးအစီအစဉ်များတွင် ပါဝင်ရန် မလိုအပ်ပါ
• သင့်ဝန်ထမ်းများထံမှ ယုံကြည်ချက်ထုတ်ပြန်ချက် မလိုအပ်ပါ

## Engage Grant မေးခွန်းများ

**အထွေထွေသတင်းအချက်အလက်**
၁။ အစီအစဉ် /ဆောင်ရွက်မည့်လုပ်ငန်းအမည်
၂။ဝဘ်ဆိုဒ်/ပင်မအွန်လိုင်း တည်ရှိမှု
၃။ တောင်းဆိုထားသောပမာဏ
၄။သင်သည် ကွန်မြူနတီဖောင်ဒေးရှင်း၏ လက်ရှိ သို့မဟုတ် ယခင်ထောက်ပံ့ခံရသူ ဖြစ်ပါသလား?

**လုပ်ငန်း/အစီအစဉ်**

၁။ လုပ်ငန်း/အစီအစဉ်ဖော်ပြချက် – ကျေးဇူးပြု၍ သင်ရန်ပုံငွေရှာသည့် ပရောဂျက်/ပရိုဂရမ်/အဖွဲ့အစည်းကို ဖော်ပြပြီး သင်တောင်းဆိုထားသော ရန်ပုံငွေများကို မည်သို့အသုံးပြုမည်ကို ဖော်ပြပါ။

၂။အရည်အချင်းများ – ဤ လုပ်ငန်း/အစီအစဉ်ကို ကမ်းလှမ်းရာတွင် အခြားအဖွဲ့အစည်းများနှင့် နှိုင်းယှဉ်ပါက သင့်အဖွဲ့အစည်းကို ထူးခြားပြီး ထိရောက်မှုရှိစေသောအရာ?
၃။သက်ရောက်မှု – ဤ လုပ်ငန်း/အစီအစဉ်/အဖွဲ့အစည်းကြောင့် အောင်မြင်မှုသည် မည်သို့ရှိသနည်း?

**ဘတ်ဂျက်နှင့် အချိန်ဇယား**
၁။ အစီအစဉ် /လုပ်ငန်း ဘတ်ဂျက –Excel စာရွက်စာတမ်းအဖြစ် ဝင်ငွေနှင့် အသုံးစရိတ်များ အပါအဝင် သင့်အစီအစဉ် /လုပ်ငန်း-သီးသန့်ဘတ်ဂျက်ကို ကျေးဇူးပြု၍ ထည့်သွင်းပေးပါ။

၂။အချိန်ဇယား – ဤအစီအစဉ် /လုပ်ငန်းအတွက် မျှော်လင့်ထားသော အချိန်ဇယားကို အကြမ်းဖျင်း ဖော်ပြပါ။

၃။ ရေရှည်တည်တံ့ခိုင်မြဲမှု – ဤအစီအစဉ် /လုပ်ငန်း/အဖွဲ့အစည်းကို ထောက်ပံ့ကြေး ပေးသည့်ကာလနောက်ပိုင်း ထောက်ပံ့နိုင်မည့် ရေရှည်မဟာဗျူဟာကို ဖော်ပြပါ။
၄။ ဖြစ်နိုင်ခြေ – ကွန်မြူနတီဖောင်ဒေးရှင်းသည် ဤအစီအစဉ် /လုပ်ငန်း/အဖွဲ့အစည်းကို တစ်စိတ်တစ်ပိုင်းသာ ပံ့ပိုး ပေးနိုင်ပါက သို့မဟုတ် ၎င်းကို လုံးဝမပံ့ပိုးနိုင်ပါက၊အစီအစဉ် /လုပ်ငန်း/အဖွဲ့အစည်း သည် ဆက်လက်ဖြစ်ပေါ်နိုင်ဦးမည်လား? ကျေးဇူးပြု၍ ဖော်ပြပေးပါ။

## Engage Grant အကဲဖြတ်ခြင်း ရူဘယ်ဇယား

ထောက်ပံ့ကြေးအကဲဖြတ်မှု ရူဘယ်ဇယားသည် အကဲဖြတ်သူများအား အဆိုပြုချက်များကို တသမတ်တည်း အမှတ်ရစေရန် ကူညီပေးသည့် အသေးစိတ်ကောက်ကြောင်းတစ်ခုဖြစ်သည်။ ရူဘယ်ဇယားသည် ပုဂ္ဂိုလ်ရေးဘက်လိုက်မှုကို လျှော့ချရန် ကူညီပေးသည်။

**အစီအစဉ် /လုပ်ငန်းဖော်ပြချက် – ၂၀ မှတ်**

အကဲဖြတ်သူမှ အရည်အချင်းကိုက်ညီမှု သုံးသပ်ခြင်း- အဖွဲ့အစည်းသည် ပရောဂျက်/ပရိုဂရမ်/အဖွဲ့အစည်း ကို မည်မျှရှင်းလင်းစွာ ဖော်ပြပြီး ရန်ပုံငွေများကို မည်သို့အသုံးပြုမည်နည်း?

**၁-၅ တုံ့ပြန်ဖြေဆိုမှုများသည်စံသတ်မှတ်ချက်များနှင့် မကိုက်ညီပါ**

အစီအစဉ် /လုပ်ငန်း/အဖွဲ့အစည်း ၏ ဖော်ပြချက်သည် ရှင်းလင်းမှုမရှိဘဲ ရန်ပုံငွေများကို မည်သို့မည်ပုံ အသုံးပြုမည်ကို အမှန်တကယ် ရှင်းပြချက်မရှိပါ။

**၆-၁၀ တုံ့ပြန်ဖြေဆိုမှုသည် စံသတ်မှတ်ချက်များနှင့် အနည်းငယ်ကိုက်ညီသည်**

အစီအစဉ် /လုပ်ငန်း/အဖွဲ့အစည်း ၏ ဖော်ပြချက်သည် ရှင်းရှင်းလင်းလင်း မသိရသေးပါ သို့မဟုတ် ရန်ပုံငွေများကို မည်သို့မည်ပုံ အသုံးပြုမည်အတွက် အမှန်တကယ် ရှင်းလင်းချက်မရှိပေ။

**၁၁-၁၅ တုံ့ပြန်ဖြေဆိုမှုသည် စံနှုန်းများနှင့် လုံး၀ ပြည့်မီသည်**

အစီအစဉ် /လုပ်ငန်း/အဖွဲ့အစည်း ၏ ဖော်ပြချက်သည် ရှင်းလင်းသည်၊ ရန်ပုံငွေအသုံးပြုမှုသည် ရှင်းရှင်းလင်းလင်း ဖြစ်ပြီး အဖွဲ့အစည်း၏ ရေရှည်ရည်ရွယ်ချက်နှင့် ကိုက်ညီမှုရှိသည်။

**၁၆-၂၀ တုံ့ပြန်ဖြေဆိုချက်သည် စံနမူနာပြရလောက်အောင် သတ်မှတ်ချက်များနှင့် ကိုက်ညီသည်**

အစီအစဉ် /လုပ်ငန်း/အဖွဲ့အစည်း ၏ ဖော်ပြချက်သည် တိကျသေချာ(ရှင်းလင်းပြီး ဆွဲဆောင်မှုရှိ)ပြီး ရေရှည်ရည်ရွယ်ချက်နှင့် ကိုက်ညီကာ အကျိုး သက်ရောက်မှု ပေါ်လွင်ထင်ရှားသည်။

**အရည်အချင်း- ၂၀ မှတ်**

အကဲဖြတ်သူမှ အရည်အချင်းကိုက်ညီမှု သုံးသပ်ခြင်း-  ဤအစီအစဉ် /လုပ်ငန်း/အဖွဲ့အစည်း ကို ကမ်းလှမ်းရာတွင် အဖွဲ့အစည်းက ၎င်း၏ထူးခြားမှုကို မည်သို့စနစ်ကျစွာ ဖော်ပြထားပါသလည်း?

**၁-၅ တုံ့ပြန်ဖြေဆိုမှုများသည် စံသတ်မှတ်ချက်များနှင့် မကိုက်ညီပါ**

အစီအစဉ် /လုပ်ငန်း/အဖွဲ့အစည်း သည် ထူးခြားမှုမရှိပါ၊ အခြားသော အုပ်စုများ သို့မဟုတ် အဖွဲ့အစည်းများက အလားတူ အစီအစဉ်များကို ကွန်မြူနတီအတွင်း လုပ်ဆောင်ပေးလျက်ရှိသည်။

**၆-၁၀ တုံ့ပြန်ဖြေဆိုမှုများ စံသတ်မှတ်ချက်များနှင့် အနည်းငယ်ကိုက်ညီသည်**

[Type here]

ဤ အစီအစဉ် /လုပ်ငန်း/အဖွဲ့အစည်း သည် ကမ်းလှမ်းထားသော ဝန်ဆောင်မှုအမျိုးအစားတွင် သီးသန့် မဟုတ်သော် လည်း ၎င်းဝန်ဆောင်မှုပေးနေသော လူတစ်ဦးချင်းစီအတွက် သီးသန့်ဖြစ်နိုင်သည် (ဥပမာ၊ လက်ရှိ ဝန်ဆောင်မှုရရှိနေသော အုပ်စုတွင် မပါဝင်သည့် အိုးအိမ်မဲ့များကို ဝန်ဆောင်မှုပေးသည့် နေထိုင်စရာ)။

**၁၁-၁၅ တုံ့ပြန်ဖြေဆိုမှုသည် စံသတ်မှတ်ချက်များနှင့် လုံးဝ ပြည့်မီသည်**

ဤ အစီအစဉ် /လုပ်ငန်း/အဖွဲ့အစည်း သည် ကွန်မြူနတီတွင် ထူးခြားသော်လည်း အလားတူ အစီအစဉ် /လုပ်ငန်း များနှင့် ထပ်နေနိုင်ပြီး ကွန်မြူနတီ၏လိုအပ်ချက်ကို ဖြည့်ဆည်းပေးနိုင်မှုမှာ မရှင်းလင်းပါ။

**၁၆-၂၀ တုံ့ပြန်ဖြေဆိုချက်များသည် စံနမူနာပြုရလောက်အောင် သတ်မှတ်ချက်များနှင့် ကိုက်ညီသည်**

ဤ အစီအစဉ် /လုပ်ငန်း/အဖွဲ့အစည်း သည် ကျွန်ုပ်တို့၏ကွန်မြူနတီအတွက် ထူးခြားပါသည်။ အခြားမည်သူမျှ ဤအလုပ်ကို မလုပ်ပါ၊ ၎င်းသည် ရပ်ရွာအတွင်း ကွာဟချက်/လိုအပ်ချက်ကို ဖြည့်ဆည်းပေးနိုင်မှုမှာ အလွန်ရှင်းလင်းမှုရှိသည်။

**သက်ရောက်မှု – ၂၀ မှတ်**

အကဲဖြတ်သူမှ အရည်အချင်းကိုက်ညီမှု သုံးသပ်ခြင်း- ဤ အစီအစဉ် /လုပ်ငန်း/အဖွဲ့အစည်း ကြောင့် ရရှိလာနိုင်သည့် အောင်မြင်မှုကို အဖွဲ့အစည်းက မည်မျှ ကောင်းမွန်စွာ ဖော်ပြနိုင်ပါသနည်း?

**၁-၅ တုံ့ပြန်ဖြေဆိုမှုများသည် စံသတ်မှတ်ချက်များနှင့် မကိုက်ညီပါ**

ဤ အစီအစဉ် /လုပ်ငန်း/အဖွဲ့အစည်း ကြောင့် ရရှိလာနိုင်သည့်အောင်မြင်မှုကို ရှင်းလင်းပြတ်သားသော ဖော်ပြချက် သို့မဟုတ် အဓိပ္ပါယ်ဖွင့်ဆိုချက်မရှိပါ။

**၆-၁၀ တုံ့ပြန်ဖြေဆိုမှုသည် စံသတ်မှတ်ချက်များနှင့် အနည်းငယ်ကိုက်ညီသည်**

အဖွဲ့အစည်းသည် အောင်မြင်မှုကို ဖော်ပြသော်လည်း ၎င်းသည် ဝိုးတဝါးဖြစ်ပြီး ဤ အစီအစဉ် /လုပ်ငန်း/အဖွဲ့အစည်း ၏ လုပ်ဆောင်မှုများနှင့် မသက်ဆိုင်ပါ။

**၁၁-၁၅ တုံ့ပြန်ဖြေဆိုမှုသည် စံသတ်မှတ်ချက်များနှင့် လုံးဝ ပြည့်မီသည်**

အောင်မြင်မှု၏ ဖော်ပြချက်နှင့် အဓိပ္ပါယ်ဖွင့်ဆိုချက်တို့သည် ရှင်းလင်းပြတ်သားပြီး အစီအစဉ် /လုပ်ငန်း၏ အကျိုးသက်ရောက်မှုများကို ရှင်းလင်းစွာ ဖော်ပြထားပါသည်။

**၁၆-၂၀ တုံ့ပြန်ဖြေဆိုချက်များသည် စံနမူနာပြုရလောက်အောင် သတ်မှတ်ချက်များနှင့် ကိုက်ညီသည်**

အောင်မြင်မှုကို ရှင်းလင်းသေချာစွာ အဓိပ္ပါယ်ဖွင့်ဆို ဖော်ပြထားပြီး အကျိုးသက်ရောက်နိုင်မှုများကို ကျနကောင်းမွန်စွာ ထင်ဟပ်ဖော်ပြထားနိုင်သည်။

**အစီအစဉ် /လုပ်ငန်းဘတ်ဂျက် – ၁၀ မှတ်**

အကဲဖြတ်သူမှ အရည်အချင်းကိုက်ညီမှု သုံးသပ်ခြင်း-  ဤရန်ပုံငွေများကို မည်သို့ အသုံးပြုမည်ကို ရှင်းလင်းပြတ်သားစွာ ရှင်းပြထားသည့် ဝင်ငွေနှင့် အသုံးစရိတ်များ ပါဝင်သော ရသုံးမှန်းခြေ ဘတ်ဂျက်ငွေစာရင်းရှိပါသလား?

**၁-၅ တုံ့ပြန်ဖြေဆိုမှုများသည် စံသတ်မှတ်ချက်များနှင့် မကိုက်ညီပါ**

ရသုံးမှန်ခြေ ဘတ်ဂျက်စာရင်းတွင် ဝင်ငွေ သို့မဟုတ် သုံးငွေ ပါဝင်သော်လည်း ရန်ပုံငွေ မည်သို့အသုံးပြုမည်မှာ ရှင်းလင်းမှုမရှိပါ။

**၆-၁၀ တုံ့ပြန်ဖြေဆိုမှုသည် စံသတ်မှတ်ချက်များနှင့် အနည်းငယ်ကိုက်ညီသည်**

ရသုံးမှန်ခြေ ဘတ်ဂျက်စာရင်းတွင် ဝင်ငွေနှင့် သုံးငွေ ပါဝင်သည်၊သို့သော် ပြည့်စုံမှုမရှိဘဲ ရန်ပုံငွေ မည်သို့အသုံးပြုမည်ဆိုသည်မှာ ရှင်းလင်းမှုမရှိပါ။

**၁၁-၁၅ တုံ့ပြန်ဖြေဆိုမှုသည် စံသတ်မှတ်ချက်များနှင့် လုံးဝ ပြည့်မီသည်**

ရသုံးမှန်ခြေ ဘတ်ဂျက်စာရင်းတွင် ဝင်ငွေနှင့် သုံးငွေ ပါဝင်ပြီး ရန်ပုံငွေ မည်သို့အသုံးပြုမည်ကို ရှင်းရှင်း လင်းလင်း ဖော်ပြထားသည်။ သို့သော် ကွန်မြူနတီဖောင်ဒေးရှင်းသည် တဦးတည်းသော ထောက်ပံ့သူဖြစ်ပြီး/ သို့မဟုတ်  ၎င်းတို့၏ သုံးငွေများသည် လုပ်ငန်း/အဖွဲ့အစည်း နှင့် သဘာဝကျကိုက်ညီမှုမရှိသယောင် ဖြစ်နေသည်။

**၁၆-၂၀ တုံ့ပြန်ဖြေဆိုချက်များသည် စံနမူနာပြုရလောက်အောင် သတ်မှတ်ချက်များနှင့် ကိုက်ညီသည်**

 ရသုံးမှန်ခြေ ဘတ်ဂျက်စာရင်းတွင် ဝင်ငွေနှင့် သုံးငွေ ပါဝင်ပြီး အစီအစဉ် /လုပ်ငန်း/အဖွဲ့အစည်း ကို အခြားသော ပံ့ပိုးမှုများမှ အပါအဝင် ရန်ပုံငွေကို မည်သို့အသုံးပြုမည်ကို ရှင်းရှင်း လင်းလင်း ဖော်ပြထားသည့်အပြင် သဘာဝကျသော အသုံးငွေများကို ဖော်ပြနိုင်သည်။

**အချိန်သတ်မှတ်ချက် – ၁၀ မှတ်**

အကဲဖြတ်သူမှ အရည်အချင်းကိုက်ညီမှု သုံးသပ်ခြင်း- အချိန်သတ်မှတ်ချက်သည် ကျိုးကြောင်းဆီလျော်မှု ရှိပါသလား?

**၁-၅ တုံ့ပြန်ဖြေဆိုမှုများသည် စံသတ်မှတ်ချက်များနှင့် မကိုက်ညီပါ**

အချိန်သတ်မှတ်ချက် ပါဝင်မှုမရှိပါ။

**၆-၁၀ တုံ့ပြန်ဖြေဆိုမှုသည် စံသတ်မှတ်ချက်များနှင့် အနည်းငယ်ကိုက်ညီသည်**

အချိန်သတ်မှတ်ချက် ပါဝင်သော်လည်း အစီအစဉ် /လုပ်ငန်း/အဖွဲ့အစည်း  အတွက် မသင့်လျော်ပါ။

**၁၁-၁၅ တုံ့ပြန်ဖြေဆိုမှုသည် စံသတ်မှတ်ချက်များနှင့် လုံးဝ ပြည့်မီသည်**

အစီအစဉ် /လုပ်ငန်း/အဖွဲ့အစည်း အတွက် အချိန်သတ်မှတ်ချက်သည် သင့်လျော်မှုရှိသည်။

**၁၆-၂၀ တုံ့ပြန်ဖြေဆိုချက်များသည် စံနမူနာပြုရလောက်အောင် သတ်မှတ်ချက်များနှင့် ကိုက်ညီသည်**

အချိန်သတ်မှတ်ချက်သည် ရှင်းလင်းပြတ်သားပြီး ဤ အစီအစဉ် /လုပ်ငန်း သည် မည်သည့်အချိန်တွင် စမည် ဆုံးမည်ကို ရှင်းလင်းစွာ ဖော်ပြထားနိုင်သည် သို့မဟုတ် အောင်မြင်စီသည် အဖွဲ့အစည်းဆိုင်ရာ အချိန်ဇယားသတ်မှတ်ချက် ဖော်ပြထားမှုမှာ ရှင်းလင်းသည်။

### ရေရှည်တည်တံ့နိုင်မှု – ၂၀ မှတ်

အကဲဖြတ်သူမှ အရည်အချင်းကိုက်ညီမှု သုံးသပ်ခြင်း- အဖွဲ့အစည်းသည် ဤထောက်ပံ့ကြေး ရရှိသည့်ကာလထက် ကျော်လွန်၍ မိမိတို့၏ အစီအစဉ် /လုပ်ငန်း/အဖွဲ့အစည်း ကို ဆက်လက်ဆောင်ရွက်နိုင်ရန် အတွက် ရေရှည် မဟာဗျူဟာကို မည်မျှ ကောင်းမွန်စွာ ဖော်ပြထားနိုင်ပါသလည်း? ဤပရိုဂရမ်ကို နောင်နှစ်များအထိ အမြဲတမ်းဆက်လက်ထောက်ပံ့ပေးရန် ထပ်မံ တောင်း ခံမည် မဟုတ်ကြောင်း ရှင်းရှင်းလင်းလင်း ရှိပါသလား? ကိုယ်ပိုင်ရေရှည်တည်တံ့ရေး လမ်းကြောင်းရှိပါသလား?

### ၁-၅ တုံ့ပြန်ဖြေဆိုမှုများသည် စံသတ်မှတ်ချက်များနှင့် မကိုက်ညီပါ

ဤအစီအစဉ် /လုပ်ငန်း/အဖွဲ့အစည်း အတွက် ရေရှည်မဟာဗျူဟာ သို့မဟုတ် ရေရှည်တည်တံ့မှု အကြောင်း ဖော်ပြထားခြင်း မရှိပါ။

### ၆-၁၀ တုံ့ပြန်ဖြေဆိုမှုသည် စံသတ်မှတ်ချက်များနှင့် အနည်းငယ်ကိုက်ညီသည်

အဖွဲ့အစည်းသည် မရေရာသော ရေရှည်မဟာဗျူဟာကို ဖော်ပြသော်လည်း ၎င်းကို မစဉ်းစားရသေး သည်မှာ ပေါ်လွင်နေပြီး၊ နောက်နှစ်များတွင် ဤ အစီအစဉ် /လုပ်ငန်း/အဖွဲ့အစည်း ကို ဆက်လက် ရန်ပုံငွေပေးရန် ကွန်မြူနတီဖောင်ဒေးရှင်းကို တောင်းဆိုဖွယ်ရှိသည်။

### ၁၁-၁၅ တုံ့ပြန်ဖြေဆိုမှုသည် စံသတ်မှတ်ချက်များနှင့် လုံးဝ ပြည့်မီသည်

ရန်ပုံငွေနှင့် ရေရှည်တည်တံ့ခိုင်မြဲမှုအတွက် ရှင်းရှင်းလင်းလင်း ဖော်ပြချက်ရှိပါသည်။

### ၁၆-၂၀ တုံ့ပြန်ဖြေဆိုချက်များသည် စံနမူနာပြုရလောက်အောင် သတ်မှတ်ချက်များနှင့် ကိုက်ညီသည်

ရေရှည်တည်တံ့ခိုင်မြဲမှုအတွက် အလွန်ရှင်းလင်းသော လမ်းကြောင်းဖြင့် ရန်ပုံငွေထောက်ပံ့ခြင်း အတွက် အလွန်စနစ်ကျသော ရေရှည် ဗျူဟာကို ချမှတ်ထားနိုင်သည်။ ကွန်မြူနတီဖောင်ဒေးရှင်း၏ ရန်ပုံငွေကို အချိန်အတိုင်းအတာတစ်ခုအထိသာ မှီခို သွားမည် ဖြစ်ကြောင်း ထင်ရှားပါသည်။

အပိုင်းတစ်ခုစီပြီးနောက်၊ အကဲဖြတ်သူများသည် ၎င်းတို့၏ရမှတ်များ မည်သို့ပေးထားကြောင်းကို အသေးစိတ်ရေးသား ဖော်ပြရပါမည်။

ရမှတ် **၁-၁၃** အတွက် - လျှောက်ထားသူသည် ဤနယ်ပယ်တွင် တိုးတက်ကောင်းမွန်အောင် လုပ်ဆောင်နိုင်သော လုပ်ဆောင်ချက်များ ရှိပါသလား။ ဤတုံ့ပြန်ဖြေဆိုမှုများတွင် မရှင်းလင်းသော အစိတ်အပိုင်းများ ပါဝင်ပါသလား?

ရမှတ် **၁၄-၂၀** အတွက် – မည်သည့်အကြောင်းကြောင့် ခိုင်မာသော သို့မဟုတ် စံနမူနာပြုထိုက်သော တုံ့ပြန်ဖြေဆိုမှုတစ်ခုဟု ပြောနိုင်ပါသလည်း? ဤနယ်ပယ်ကို ပိုမိုတိုးတက်ကောင်းမွန်အောင် ကူညီရန်အတွက် အပြုသဘောဆောင်သော အကြံပြုချက် တစ်ခုခုကို ပေးနိုင်ပါသလား?

**သတိပြုရန် အရေးကြီးသောအရာများ-**

• ပြက္ခဒိန်နှစ်အတွက် ရန်ပုံငွေများ မကုန်မချင်း ပထမလာသူ ပထမဦးစားပေးစနစ်ဖြင့် လျှောက်လွှာများကို လက်ခံပြီး အကဲဖြတ်ပါသည်။

• ကွန်မြူနတီဖောင်ဒေးရှင်းသည် ပြန်လည်သုံးသပ်မှုလုပ်ငန်းစဉ်အတွင်း တောင်းဆိုထားသည့်ပမာဏကို အချိန်မရွေး ချိန်ညှိနိုင်သည်။

• $၃၀၀၀အထက်တောင်းဆိုမှုများကို ထည့်သွင်းစဉ်းစားမည်မဟုတ်ပါ။ Engage Grant ရန်ပုံငွေ၏ အမြင့်ဆုံးထောက်ပံ့ငွေအရွယ်အစားမှာ $၃၀၀၀ ဖြစ်သည်။

---

## ရန်ပုံငွေ အရည်အချင်းပြည့်မီမှုနှင့် လမ်းညွှန်ချက်များ

---

- **501(c)(3) အဆင့်အတန်း**- Engage Grant ကိုရရှိရန် 501(c)(3) အကျိုးအမြတ်မယူသောအဖွဲ့အစည်းအဖြစ် ခွဲခြားသတ်မှတ်ရန် မလိုအပ်သော်လည်း၊ သင်သည် ပရဟိတရည်ရွယ်ချက်တစ်ခုဖြစ်ကြောင်း သက်သေပြရပါမည်။ ယခင်က ရန်ပုံငွေရရှိခဲ့သော 501(c)(3) မဟုတ်သော အဖွဲ့အစည်းများ၏ ဥပမာများတွင် ရပ်ကွက်စီမံကိန်းအဖွဲ့များနှင့် ကျောင်းပရိုဂရမ်များ ပါဝင်သည်။ ဘဏ္ဍာရေးစပွန်ဆာများကိုလည်း လက်ခံနိုင်ပြီး အားပေးပါသည်။
- **တည်နေရာ-** သင်ဝန်ဆောင်မှုပေးသော လူများ၏ အနည်းဆုံး ၅၀% သည် အယ်လန်ကောင်တီတွင် ရှိရမည် နှင့်/သို့မဟုတ် သင်သည်ခရိုင်အတွက် ထူးခြားသော ဝန်ဆောင်မှုတစ်ခု ပေးနေရမည်။
- **နှစ်ရှည်ရန်ပုံငွေရှာဖွေခြင်း**-  Engage Grants သည် တစ်ကြိမ်တည်း ရန်ပုံငွေပမာဏ ဖြစ်သည်။
- **ဆေးဘက်ဆိုင်ရာ သို့မဟုတ် ပညာရပ်ဆိုင်ရာ သုတေသနများမပါဝင်ပါ**- Engage Grant အစီအစဉ်သည် IRB လိုအပ်ချက်များကြောင့် ဆေးဘက်ဆိုင်ရာ သို့မဟုတ် ပညာရပ်ဆိုင်ရာ သုတေသနပြုမှုများကို ထောက်ပံ့ပေးမည်မဟုတ်ပါ။
- **လုပ်ငန်းဆောင်ရွက်မှုဆိုင်ရာ ပံ့ပိုးကူညီမှု မရှိပါ-** Engage Grant ပရိုဂရမ်သည် ကျွန်ုပ်တို့အတွက် အကျိုးအမြတ် မယူသော အဖွဲ့အစည်းများအတွက် ရန်ပုံငွေ ဒီဇိုင်းအသစ် ထုတ်ထားခြင်းဖြစ်ပါသည်။ ၎င်းသည် အစီအစဉ် /လုပ်ငန်း အလိုက် တောင်းဆိုမှုများအပြင် လုပ်ငန်းလည်ပတ်မှုဆိုင်ရာ ပံ့ပိုးကူညီမှုများကိုလည်း ရန်ပုံငွေ ပံ့ပိုးပေးမည် ဖြစ်သည်။ ဤကွန်မြူနတီဖောင်ဒေးရှင်းသည် လုပ်ငန်းလည်ပတ်မှုလိုငွေပြမှုကို ရန်ပုံငွေထောက်ပံ့မည်မဟုတ်ပါ။

• **ပံ့ပိုးကူညီမှုများ၊ ရန်ပုံငွေရှာဖွေရေးပွဲများ၊ နှစ်စဉ်ရန်ပုံငွေပွဲများ မပါဝင်ပါ**-  Engage Grant အစီအစဉ်  သည်  သီးခြား ပရောဂျက်များ သို့မဟုတ် အစီအစဉ်များကို ရန်ပုံငွေပေးရန် ရည်ရွယ်လုပ်ဆောင်ထားသည်။ သို့သော် အဖွဲ့အစည်းအတွက် ငွေရှာသည့်ပွဲများအတွက် လုပ်ရိုးလုပ်စဉ်စပွန်ဆာထောက်ပံ့မှုများ သို့မဟုတ် ပံ့ပိုးမှုများ မပါဝင်သည့် အပြင် နှစ်စဉ်ရန်ပုံငွေပွဲ သို့မဟုတ် လှူဒါန်းရန်လှုံ့ဆော်ပွဲ များကဲ့သို့သော အခြားရန်ပုံငွေ ရှာဖွေခြင်း လုပ်ငန်းများကို ပံ့ပိုးပေးမည်မဟုတ်ပါ။

[Type here]

**• ယခင်ရန်ပုံငွေရထားသူများ-** ထောက်ပံ့ကြေးရသူများသည် Engage Grant တစ်ခုသာ ရရှိနိုင်သည်။ အကယ်၍ သင်သည် ယခင်က Engage Grant ကို လက်ခံရရှိခဲ့ပါက၊ သင်သည် ကျွန်ုပ်တို့၏ အဖွဲ့အစည်းအသစ်အဖြစ် မသတ်မှတ်တော့ပါ။ ထို့ကြောင့်၊ သင်သည် Agile သို့မဟုတ် Rising Together ထောက်ပံ့ကြေးကို လျှောက်ထားရန် လိုအပ်ပါသည်။

**• ဘာသာရေးဆိုင်ရာတောင်းဆိုမှုများ-** ရပ်ရွာဖောင်ဒေးရှင်းသည် ၎င်းတို့၏ အခြေပြုလူထု /ဝန်ဆောင်မှုခံယူသူများ ထံမှ ဘာသာရေးပါဝင်မှုလိုအပ်သော အဖွဲ့အစည်းများအတွက် ရန်ပုံငွေ သို့မဟုတ် ၎င်းတို့၏ဝန်ထမ်းများကို ဘာသာရေး ယုံကြည်မှုဆိုင်ရာ လက်မှတ်ရေးထိုးစေသော အဖွဲ့အစည်းများကို ထောက်ပံ့ပေးမည်မဟုတ်ပါ။ ကွန်မြူနတီဖောင်ဒေးရှင်းမှ ရန်ပုံငွေပေးမည့် ဘာသာရေးအဖွဲ့အစည်း အမျိုးအစားများ သို့မဟုတ် အစီအစဉ်များ အတွက် မေးတတ်သောမေးခွန်း FAQs များကို ကြည့်ပါ။

**• အစီရင်ခံခြင်း-** Engage Grants သည် ထောက်ပံ့ကြေးရရှိပြီးနောက် ခြောက်လအကြာတွင် အပြီးသတ် အစီရင်ခံစာ လိုအပ်ပါသည်။ ကွန်မြူနတီဖောင်ဒေးရှင်းသည် ၎င်း၏ထောက်ပံ့သူများနှင့် ရပ်ရွာတွင် သင်လုပ်ဆောင်နေသော ထူးချွန်သော အလုပ်များအကြောင်း ဂုဏ်ယူဝင့်ကြွားနိုင်သည့် အခွင့်အရေးကို လိုချင်ပါသည်။ ကျွန်ုပ်တို့အနေဖြင့် အခြေအနေကို သိလိုပြီး သင်၏ အရေးကြီးသော အလုပ်နှင့် ပတ်သက်၍ သင်မျှဝေလိုသော ဓာတ်ပုံ သို့မဟုတ် ဗီဒီယိုများကို လိုချင်နှစ်သက်ပါသည်။ နောက်ဆုံး အစီရင်ခံချက် အားလုံးသည် အွန်လိုင်းထောက်ပံ့ကြေး စီမံခန့်ခွဲမှုစနစ်/ထောက်ပံ့ကြေး ပေါ်တယ်မှတစ်ဆင့် ဖြစ်လိမ့်မည်။

**• ကန့်သတ်ချက်များ-** IRS စည်းမျဉ်းများ လိုအပ်ချက်အရ၊ ထောက်ပံ့ကြေးငွေများကို - (က) ပြည်တွင်းအခွန်များ ကျင့်ထုံးဥပဒေပုဒ်မ 501(c)(3) အရ သတ်မှတ်ထားသည့်အတိုင်း စည်းရုံး လှုပ်ရှားမှုများကို လုပ်ဆောင်ရန် (ခ) ပုဒ်မ 501(c)(3)အရ တားမြစ်ထားသော ပါတီနိုင်ငံရေး လှုပ်ရှားမှုများအတွက် (ဂ) ထောက်ပံ့ငွေသည် ပြည်တွင်းအခွန်များ ကျင့်ထုံးဥပဒေပုဒ်မ 4945(d)(3) သို့မဟုတ် (4) ကို လိုက်နာရ၍ ထောက်ပံ့ငွေသည် အတည်ပြုပေးထားသည့် ကိစ္စ တရပ်ရပ်၏ တစိတ်တပိုင်း ဖြစ်ခြင်းမှလွဲ၍ အစုံတဦးကို  ခရီးသွားလာရန်၊လေ့လာသင်ယူရန် သို့မဟုတ် အခြား အလားတူ ရည်ရွယ်ချက်များအတွက် သို့မဟုတ် ထောက်ပံ့ငွေကို အခြားသော အဖွဲ့အစည်းများအတွက် ထပ်ဆင့် ထောက်ပံ့ကြေးပေးရန် (ဃ) ပြည်တွင်းအခွန်များ ကျင့်ထုံးဥပဒေပုဒ်မ 170(c)(2)(B) တွင်ဖော်ပြထားသည့် ပရဟိတနှင့် ပညာရေးဆိုင်ရာ ရည်ရွယ်ချက်များမှလွဲ၍ အခြားရည်ရွယ်ချက် တစ်ခုခု အတွက် လုပ်ဆောင်ရန် စသည်တို့အတွက် သုံးစွဲခွင့်မရှိပါ။

## အမေးများသောမေးခွန်းများ

### ၁. ဤဖောင်ဒေးရှင်းသည် ဘာသာရေးအဖွဲ့အစည်းများကို ငွေကြေးထောက်ပံ့ပါသလား?

ဖို့ဝိန်း အသိုက်အဝန်းသည် အမျိုးမျိုးသော ယုံကြည်ကိုးကွယ်ရာများရှိသည့်နေရာတခုဖြစ်သည်။ ကျွန်ုပ်တို့၏ အသိုင်းအဝိုင်းကို ဝန်ဆောင်မှုပေးသည့် ဘာသာရေးယုံကြည်ခြင်း  အခြေခံအဖွဲ့များစွာ ရှိသည်၊ အချို့မှာ ဝတ်ပြုရာ ကျောင်းတော်များတွင်ရှိပြီး အချို့မှာ သီးခြားနေရာများတွင် ရှိနေသည့်အတွက် ကျွန်ုပ်တို့ ကံကောင်းသည်ဟု ဆိုနိုင်  ပါသည်။ ကွန်မြူနတီဖောင်ဒေးရှင်း၏

ရည်ရွယ်ချက် တစ်စိတ်တစ်ပိုင်းအနေဖြင့် "အယ်လန်ကောင်တီရှိ လူအားလုံးကို ဝန်ဆောင်မှုပေး" ရန် တိကျသော လမ်းညွှန်ချက်များနှင့် ကိုက်ညီသည့် ယုံကြည်ခြင်းအခြေပြုအဖွဲ့များကို ရန်ပုံငွေ ထောက်ပံ့ ပါသည်။ ကွန်မြူနတီဖောင်ဒေးရှင်းသည် ဘာသာရေးဆိုင်ရာ ရည်ရွယ်ချက်များအတွက် ရန်ပုံငွေ ထောက်ပံ့ခြင်းကို ခွင့်ပြုသော်လည်း ဘာသာရေး ရည်ရွယ်ချက်များအတွက် ရန်ပုံငွေပံ့ပိုးပေးမည် မဟုတ်ပါ။ သင့်ထံမှ ဝန်ဆောင်မှုယူသူများ သို့မဟုတ် သင်ကူညီနေသူများထံမှ ဘာသာရေးဆိုင်ရာ ပူးပေါင်းပါဝင်မှု လိုအပ်ပါက သင့် အဖွဲ့အစည်းသည် ရန်ပုံငွေရရှိမည်မဟုတ်ပါ။

**အရည်အချင်းမီသော အစီအစဉ်များ၏ လက္ခဏာများ၊ သို့သော် ဤဖော်ပြထားသည်ထက်ပိုနိုင်သည်-**

• ဝတ်ပြုရာဌာနတွင် တည်ရှိနေနိုင်သည်

• ဘာသာရေးဆိုင်ရာ အစီအစဉ်များနှင့် ဘာသာရေးနှင့်မဆိုင်သော အစီအစဉ်များကို ခွဲခြားထားသည်

• ဘာသာရေးနှင့် ဘာသာရေးမဟုတ်သော အစီအစဉ်များအတွက် တစ်ချိန်တည်းမဟုတ်ပါက အခန်းတစ်ခန်းတည်းကို အသုံးပြုနိုင်သည်

• ဘာသာရေးဆက်နွှယ်မှုနှင့်မခွဲခြားဘဲ အားလုံးကိုလမ်းဖွင့်ပေးထားသည်

• အလွန်အကျူးကိုးကွယ်မှု၊ ညွှန်ကြားစေခိုင်းခြင်း၊သို့မဟုတ် ကိုးကွယ်ယုံကြည်မှုပြောင်းလဲရန် ဖိအားပေးခြင်း (လူသစ်စုဆောင်းခြင်း)တို့မှ ကြဉ်ရှောင်သည်

• ပါဝင်လုပ်ဆောင်သူများထံမှ ယုံကြည်မှုဖွင့်ဟထုတ်ပြန်ပေးရန် လိုအပ်မှု မရှိစေခြင်း

**ယခင်က ငွေကြေးထောက်ပံ့ထားသော အစီအစဉ်များကို ဖော်ပြထားပါသည်-**

• ဘုရားကျောင်းတစ်ခုမှ လုပ်ဆောင်သောအခမဲ့အစားအစာများ ချက်ပြုတ်ဝေငှသည့်မီးဖိုချောင်

• ယုံကြည်ခြင်းအခြေပြုအဖွဲ့အစည်းတစ်ခုမှ လုပ်ဆောင်သော အိုးမဲ့အိမ်မဲ့မိသားစုများအတွက် ကြားကာလခေတ္တအိမ်ရာ

• ယုံကြည်ခြင်းအခြေပြု လူမှုဝန်ဆောင်မှုအေဂျင်စီ၏ လိုအပ်သောမိသားစုများအတွက် စီမံခန့်ခွဲမှု အကူအညီ

• ဘုရားကျောင်းအမျိုးမျိုးတွင်ရှိသော အရေးပေါ်အိမ်ရာ

• ယုံကြည်ခြင်းအခြေခံဓမ္မအမှုတွင် အလုပ်လက်မဲ့များကို ဝန်ဆောင်မှုပေးသော အစားအသောက် အခမဲ့ပေးဝေရာဌာန

**၂. ၎င်းတို့၏ ဝန်ထမ်းများအား ကိုးကွယ်ယုံကြည်မှုဆိုင်ရာ ဖွင့်ဟချက်ကို လက်မှတ်ထိုးပေးရန် လိုအပ်သော အဖွဲ့အစည်းများကို ကွန်မြူနတီဖောင်ဒေးရှင်းသည် အဘယ်ကြောင့် ရန်ပုံငွေ မပေးသနည်း? ဤသည်မှာ မူဝါဒအသစ်ဖြစ်ပါသလား?**

[Type here]

ဤသည်မှာ မူဝါဒအသစ်မဟုတ်ပါ။ ထိုကဲ့သို့ လုပ်ဆောင်ခြင်းကြောင့် အလားအလာရှိသော ဝန်ထမ်းများကို ကန့်သတ်လိုက်သလိုဖြစ်စေသောကြောင့် ကွန်မြူနတီဖောင်ဒေးရှင်းသည် ဝန်ထမ်းများအား ကိုးကွယ်ယုံကြည်မှုဆိုင်ရာ ဖွင့်ဟကြေငြာချက်လက်မှတ်ထိုးရန် လိုအပ်သော အဖွဲ့အစည်းများကို ထောက်ပံ့ကြေးမပေးပါ။ ထိုကဲ့သို့ လက်မှတ် ထိုးရန် လိုအပ်ခြင်းကြောင့် လူအချို့ ဖယ်ထုတ်ထားခံရပြီး မတူကွဲပြားမှု၊ သာတူညီမျှမှုနှင့် ပါဝင်မှုအပေါ် ကျွန်ုပ်တို့၏ ကတိကဝတ်ကို ဆန့်ကျင်ရာရောက်ပါသည်။ နောက်ခံနှင့် ရှုထောင့်ပေါင်းစုံမှ လူများကို ကြိုဆိုလက်ခံနိုင်သော အားလုံး ပါဝင်သော ပတ်ဝန်းကျင်ကို ဖန်တီးနိုင်မှုကိုသာ ကျွန်ုပ်တို့ ယုံကြည်ပါသည်။ ကျွန်ုပ်တို့၏ DEI ထုတ်ပြန်ချက်နှင့် မဟာဗျူဟာတွင် ဤအကြောင်း ပိုမိုဖတ်ရှုနိုင်ပါသည် ဤနေရာတွင်

### ၃. Engage Grants အတွက် ပြန်လည်သုံးသပ်ခြင်းနှင့် ရွေးချယ်ခြင်းလုပ်ငန်းစဉ်သည် အဘယ်နည်း?

အဆိုပြုချက်များကို Greater Fort Wayne's Supervisor's Leadership Group မှ Agile Grant လမ်းညွှန်ချက်များ၏ Engage Grant လျှောက်ထားခြင်း နှင့် အရည်အချင်းပြည့်မီမှု ရှိမရှိစစ်ဆေးခြင်း ကဏ္ဍတွင်ရှိ ပေးထားချက်ဇယားကို အသုံးပြု၍ အဆိုပြုချက်များကို လစဉ် အကဲဖြတ်ပါသည်။

### ၄. Engage Grant ရန်ပုံငွေရရှိရန် စာရင်းစစ်တယောက်ရှိရန် လိုအပ်ပါသလား?

မလိုအပ်ပါ။

### ၅. ပြက္ခဒိန်နှစ်တစ်နှစ်လျှင် Engage Grant တစ်ခုထက်ပို၍ ရနိုင်ပါသလား?

မရနိုင်ပါ။

### ၆. ကျွန်ုပ်၏အဖွဲ့အစည်းသည် Engage Grant ကိုလက်ခံရရှိပါက၊ အလားတူပြက္ခဒိန်နှစ်တွင် ဤကွန်မြူနတီ ဖောင်ဒေးရှင်းမှ အခြားထောက်ပံ့ကြေးများကို ကျွန်ုပ်တို့ရရှိနိုင်ပါသလား?

ရပါသည်! Engage Grants များသည် အစီအစဉ် /လုပ်ငန်း အလိုက် ထောက်ပံ့ကြေးများဖြစ်သည်။ သို့သော်လည်း ကျွန်ုပ်တို့ထံမှ ထောက်ပံ့ကြေးအတွက် ပထမဆုံးအကြိမ် လျှောက်ထားခြင်း ဖြစ်ပါက၊ သင်သည် Engage Grant ကို လျှောက်ထားရန် စဉ်းစားနိုင်ပါသည်။ အကယ်၍ သင်သည် လုပ်ငန်းလည်ပတ်မှု ရန်ပုံငွေကို ရှာဖွေနေပြီး သုံးနှစ်ကျော်ကြာ တည်ရှိနေပြီးဖြစ်ပါက၊ သင်၏ လုပ်ငန်းရည်ရွယ်ချက်နှင့် အကောင်းဆုံးကိုက်ညီမည့် မဏ္ဍိုင်တွင် Rising Together Grant ကို လျှောက်ထားရန် သင့်ကို ကျွန်ုပ်တို့မှ တိုက်တွန်းပါသည်။

[Type here]

## ၇. ထောက်ပံ့ကြေးများအကြောင်း ကွန်မြူနတီဖောင်ဒေးရှင်းတွင် မည်သူနှင့် ဆွေးနွေးနိုင်မည်နည်း?

၎င်း၏လုပငန်းရည်ရွယ်ချက်တစ်စိတ်တစ်ပိုင်းအနေဖြင့်၊ ကွန်မြူနတီဖောင်ဒေးရှင်းသည် အယ်လန်ကောင်တီတွင်နေထိုင်သူများအတွက် ပိုမိုတောက်ပသောအနာဂတ်ကိုဖန်တီးပေးရန်အတွက် ရပ်ရွာခေါင်းဆောင်နှင့် ဆော်သြသူအဖြစ် ထမ်းဆောင်ရန် ကြိုးပမ်းလျက်ရှိသည်။ ကျွန်ုပ်တို့၏ဘုတ်အဖွဲ့နှင့် ဝန်ထမ်းများအတွက် ကွန်မြူနတီ၏လိုအပ်ချက်များအကြောင်း ပိုမိုလေ့လာနိုင်မည့် အခွင့်အရေးများကို ကျွန်ုပ်တို့ကြိုဆိုပါသည်။ သင့်တွင် မေးလိုသည်များရှိပါက ကျွန်ုပ်တို့ထံ ဆက်သွယ်ပါ။

---

### ဆက်သွယ်ရန်

---

**လျှောက်လွှာလုပ်ငန်းစဉ်နှင့်ပတ်သက်၍ ရံဖန်ရံခါ မေးခွန်းများ ရှိနိုင်သည်ကို ကျွန်ုပ်တို့ နားလည်ပါသည်။ ကျေးဇူးပြု၍ ထိုမေးခွန်းများကို အောက်ပါဆက်သွယ်ရမည့်သူများသို့တိုက်ရိုက်ပေးပို့ပါ။**
ကွန်မြူနတီဖောင်ဒေးရှင်းကို တနင်္လာနေ့မှ သောကြာနေ့အထိ နံနက် ၈း၀၀ မှ ညနေ ၄း၃၀ နာရီအထိ ဖွင့်လှစ်ထားသော်လည်း ထောက်ပံ့ကြေးအဖွဲ့အများစုသည် သောကြာနေ့မွန်းတည့်ပြီးနောက်တွင် ရှိကြမည်မဟုတ်ဘဲ မေးမြန်းမှုများကို လာမည့်အပတ်တွင် တုံ့ပြန်ပေးမည်ဖြစ်သည်။


Contact: Stephanie Carlson Plimpton, Senior Impact Advisor, scarlson@cfgfw.org
Angela Stanley, Director of Impact, astanley@cfgfw.org
Alison Gerardot, Chief Impact Officer, agerardot@cfgfw.org

Address: 555 E Wayne St
Fort Wayne, IN 46802

Office #: 260-426-4083
Website: www.cfgfw.org